## ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် --  )

## ၁၃၈၂ ခုနှစ်၊ လ ရက်

## (၂၀၂၀ ပြည့်နှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၂၅၊ ပုဒ်မခွဲ(၁)အား အောက်ပါအတိုင်းအစားထိုးရမည်-

"(၁) ပုဒ်မခွဲ(၂)တွင် ပြဋ္ဌာန်းသည့်အတိုင်းမှတစ်ပါး ဤအက်ဥပဒေကို လိုက်နာရသူတစ်ဦးဦးအား သုံးနှစ်ကုန်ဆုံးသည့်အခါ ပြစ်မှုတစ်ခုခုအတွက် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းကို စတင်မပြုလုပ်ရ။ ယင်းသုံးနှစ် တာကာလကို အောက်ပါအတိုင်း စတင်ရေတွက်ရမည်-

(က) ပြစ်မှုစတင်ကျူးလွန်သည့်နေ့ရက် (သို့မဟုတ်)၊

( ခ) ပြစ်မှုကျူးလွန်မှုကို ယင်းပြစ်မှုကြောင့်နစ်နာသူ သို့မဟုတ် စတင် အရေးယူနိုင်သော အခွင့်ရအာဏာပိုင် မသိရှိခဲ့သည့်အခါ ထိုနစ်နာသူ သို့မဟုတ် အခွင့်ရအာဏာပိုင်က ပြစ်မှုကျူးလွန်ကြောင်း စတင် သိရှိသည့် နေ့ရက်များအနက်မှ အစောဆုံးနေ့ရက် (သို့မဟုတ်)၊

( ဂ) ပြစ်မှုကျူးလွန်သူ မည်သူဖြစ်ကြောင်းကို မသိရှိခဲ့သည့်အခါ ယင်း ပြစ်မှုကြောင့်နစ်နာသူ သို့မဟုတ် စတင်အရေးယူနိုင်

သော အခွင့်ရအာဏာပိုင်က မည်သူ့ပြစ်မှုကျူးလွန်ကြောင်း စတင်သိရှိသည့် နေ့ရက်များအနက်မှ အစောဆုံးနေ့ရက်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) XXXXXXXXX

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေပြင်ဆင်ချက်ဇယား

| ပုဒ်မ | မူလပြဋ္ဌာန်းချက် | ပြင်ဆင်လိုသည့်ပြဋ္ဌာန်းချက် | ကျိုးကြောင်း ဖော်ပြချက် |
|---|---|---|---|
| ၁၂၅ ပုဒ်မခွဲ (၁) | ပုဒ်မခွဲ(၂)တွင် ပြဋ္ဌာန်းသည့် အတိုင်းမှ တစ်ပါး ဤအက်ဥပဒေကို လိုက်နာရသူ တစ်ဦးဦးအားပြစ်မှုကျူးလွန်သည့် နေ့ရက်မှသုံးနှစ် ကုန်ဆုံးသည့်အခါ၊ ထိုပြစ်မှုအတွက် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းကို စတင်မပြုလုပ်ရ။ | ပုဒ်မခွဲ(၂)တွင် ပြဋ္ဌာန်းသည့် အတိုင်းမှ တစ်ပါး ဤအက်ဥပဒေကိုလိုက်နာရသူ တစ်ဦးဦးအား သုံးနှစ်ကုန်ဆုံးသည့်အခါ ပြစ်မှုတစ်ခုခုအတွက် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းကို စတင်မပြုလုပ်ရ။ ယင်းသုံးနှစ်တာကာလကို အောက်ပါအတိုင်း စတင်ရေတွက်ရမည်-<br>(က) ပြစ်မှုစတင်ကျူးလွန်သည့်နေ့ရက် (သို့မဟုတ်)၊<br>(ခ) ပြစ်မှုကျူးလွန်မှုကို ယင်းပြစ်မှုကြောင့်နစ်နာသူ သို့မဟုတ် စတင်အရေးယူနိုင်သော အခွင့်ရအာဏာပိုင်မသိရှိခဲ့သည့်အခါ ထိုနစ်နာသူ | စစ်ဆေး စီရင်ခြင်း ဆိုင်ရာ ကာလ စည်းကမ်းသတ်သည် နိုင်ငံတကာ တပ်မတော် ဆိုင်ရာဥပဒေများတွင် တပ်မတော်၏ လုပ်ငန်း သဘောသဘာဝအရထည့်သွင်းပြဋ္ဌာန်းလေ့ရှိသော ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ ဗြိတိသျှကြည်းတပ်အက်ဥပဒေ၊ အိန္ဒိယ ကြည်းတပ်အက်ဥပဒေတို့မှ ဆင်းသက်လာသည့် ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေတွင်လည်း ယင်းပြဋ္ဌာန်းချက်ပါဝင် |

| ပုဒ်မ | မူလပြဋ္ဌာန်းချက် | ပြင်ဆင်လိုသည့်ပြဋ္ဌာန်းချက် | ကျိုးကြောင်း ဖော်ပြချက် |
|---|---|---|---|
| | | သို့မဟုတ် အခွင့်ရအာဏာပိုင်က ပြစ်မှုကျူးလွန်ကြောင်း စတင်သိရှိသည့်နေ့ရက်များအနက်မှ အစောဆုံးနေ့ရက် (သို့မဟုတ်)၊<br>( ဂ ) ပြစ်မှုကျူးလွန်သူ မည်သူဖြစ်ကြောင်းကိုမသိရှိခဲ့သည့်အခါ ယင်းပြစ်မှုကြောင့် နစ်နာသူ သို့မဟုတ် စတင် အရေးယူနိုင်သော အခွင့်ရအာဏာပိုင်က မည်သူပြစ်မှု ကျူးလွန်ကြောင်း စတင်သိရှိသည့် နေ့ရက်များ အနက်မှ အစောဆုံးနေ့ရက်။ | ပါသည်။ ယင်း ပြဋ္ဌာန်းချက်အား ခွင့်မလွှတ်နိုင်သည့်ပြစ်မှုကြီးများကို ကျူးလွန်ခဲ့သည့် တပ်မတော်သား များအား အရေးယူခြင်းမှ ကင်းလွတ်ခွင့်မရရှိအောင် အိန္ဒိယကြည်း တပ်အက်ဥပဒေပြင်ဆင်ချက်ကို ကိုးကား၍ ယခု ဥပဒေ ပြင်ဆင်ချက်အား ပြင်ဆင်လိုခြင်းဖြစ်ပါသည်။ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို အစားထိုးပြင်ဆင်သည့် ဥပဒေမူကြမ်း၏

# ရည်ရွယ်ချက်နှင့် အကျိုးကြောင်းဖော်ပြချက်

## ရည်ရွယ်ချက်

၁။ စစ်ဆေးစီရင်ခြင်းဆိုင်ရာ ကာလစည်းကမ်းသတ်သည် နိုင်ငံတကာတပ်မတော်ဆိုင်ရာဥပဒေများတွင် တပ်မတော်၏ လုပ်ငန်းသဘောသဘာဝအရ ဆောင်ရွက်နိုင်ရန်။

## ကျိုးကြောင်းဖော်ပြချက်

၂။ စစ်ဆေးစီရင်ခြင်းဆိုင်ရာ ကာလစည်းကမ်းသတ်သည် နိုင်ငံတကာတပ်မတော်ဆိုင်ရာဥပဒေများတွင် တပ်မတော်၏ လုပ်ငန်းသဘောသဘာဝအရ ထည့်သွင်းပြဋ္ဌာန်းလေ့ရှိသော ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ ဗြိတိသျှကြည်းတပ်အက်ဥပဒေ၊ အိန္ဒိယကြည်းတပ်အက်ဥပဒေတို့မှ ဆင်းသက်လာသည့် ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေတွင်လည်း ယင်းပြဋ္ဌာန်းချက်ပါဝင်ပါသည်။ ယင်းပြဋ္ဌာန်းချက်အား ခွင့်မလွှတ်နိုင်သည့် ပြစ်မှုကြီးများကို ကျူးလွန်ခဲ့သည့် တပ်မတော်သားများအား အရေးယူခြင်းမှ ကင်းလွတ်ခွင့်မရရှိအောင် အိန္ဒိယကြည်းတပ်အက်ဥပဒေ ပြင်ဆင်ချက်ကို ကိုးကား၍ ယခုဥပဒေပြင်ဆင်ချက်အား ပြင်ဆင်လိုခြင်းဖြစ်ပါသည်။